#### မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
#### နေ့စဉ်ဈေးကွက်သတင်းလွှာ

March 4 , 2024 — Volume 76, Number 2

၄.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၈၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၆၂၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၉.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၃.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၂.၂ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၇၀.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၃၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၇၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၀၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၆၇၆ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၈
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ဈေးငြိမ်နေသည့် ကြက်သွန်နီဈေး ပြည်ပတင်ပို့မှုရှိလာတာကြောင့် ဈေးမြင့်တက်လာ



မန္တလေးကြက်သွန်နီဈေးကွက် တည်ငြိမ်နေရာမှ ယခုရက်ပိုင်းတွင် ပြည်ပတင်ပို့မှု ရှိလာတာကြောင့် အဝယ်လိုက်လာသဖြင့် ဈေးကွက်လှုပ်ရှားလာကာ ဈေးအမြင့်ဘက်သို့ ရောက်လာကြောင်း မန္တလေးကိုင်းတန်းဈေး ကြက်သွန်ပွဲရုံများမှ သုံးသပ်သည်။

ပြီးခဲ့သည့် တစ်ပတ်ကျော်က ကြက်သွန်နီဈေးကွက်တည်ငြိမ်ခဲ့ရာ မတ်လတွင်ထွက်ရှိမည့် ကြက်သွန်နီများမှာ ငွေကြိုပေးဝယ်ယူသူများကြောင့် အဝယ်လိုက်လာသည်ဟုဆိုသည်။ “ငွေကြိုပေးဝယ်တဲ့ အလှမ်းပေးဝယ်သူတွေကြောင့် ကြက်သွန်ဈေးကွက်လှုပ်လာပါပြီ။ ကြက်သွန်နီအရွယ်ကြီးတာတွေက လှောင်လက်တွေကြိုက်ကြသလို ဈေးတန်းလည်းကောင်းတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမယ်ဆိုရင် ဒီနှစ်က ကြက်သွန်ပေါ်တာနဲ့ အရောင်းအဝယ်ပိုကောင်းလာမယ်ဟု ကိုင်းတန်းဈေးမှ ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

လက်ရှိ မန္တလေးဈေးကွက်တွင် မုံရွာကြက်သွန်နီတစ်ပိဿာဈေးနှုန်းများမှာ ငွေကျပ် ၂၇၀၀–၂၄၀၀ ဝန်းကျင်နှင့် ဥစိုက်ဖော်မွှား ကြက်သွန်နီမှာ ငွေကျပ် ၂၃၀၀–၂၆၅၀ ဝန်းကျင်၊ လတ်သေးဥစိုက်မှာ ငွေကျပ် ၁၅၀၀–၂၀၀၀ ဝန်းကျင်ရှိကြောင်း၊ မြစ်သား ကြက်သွန်နီမှာ အရွယ်ကြီးမှာ ငွေကျပ် ၃၀၀၀ ဝန်းကျင်နှင့် အနိမ့်ဆုံးမှာ ငွေကျပ် ၂၃၀၀–၂၈၀၀ ဝန်းကျင်ဈေးရှိကြောင်း သိရသည်။

“ပြီးခဲ့တဲ့နှစ်က မိုးကြက်သွန်ကို လေးသုတ်ခွဲစိုက်ခဲ့တယ်။ ကုန်ချိန်များဖို့ထက် အရည်အသွေးကောင်းဖို့က အဓိကပါ။ ဒီနှစ် မိုးကြက်သွန်နီရောင်းခဲ့တာက ပထမသုတ်မှာ ၁၃၅၀ ကျပ်၊ ဒုတိယသုတ်မှာ ၁၈၅၀ ကျပ်၊ တတိယသုတ်မှာ ၂၆၀၀ ကျပ် ဝန်းကျင် ရခဲ့တယ်။ ဈေးကောင်းရမှ တောင်သူတွေ အဆင်ပြေကြတယ်ဟု မြစ်သားးမြို့မှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

ကြက်သွန်နီဈေးကွက်တွင် မြစ်သားကြက်သွန်သည် အရည်အသွေးကောင်းခြင်းနှင့် သိုလှောင်ရန် ကောင်းမွန်ခြင်းကြောင့် ဈေးအမြင့်ဆုံးတွင်ရှိပြီး မြင်းခြံ၊ မုံရွာနှင့်အခြားဒေသထွက်ကြက်သွန်များမှာ မြစ်သားကြက်သွန်နီဈေးအောက်တွင်ရှိကြောင်း၊ ယခုနှစ်တွင် ကြက်သွန်နီဈေးကွက်မှာ ယခင်နှစ်များထက် ပို၍ကောင်းမွန်လာနိုင်ပြီး ထပ်မံဈေးမြင့်လာနိုင်သည်ဟု ကြက်သွန် ပွဲစားများက သုံးသပ်မှုများရှိကြောင်းသိရသည်။

**မကွေးဂျာနယ်**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၆-၂-၂၀၂၄ မှ ၁-၃-၂၀၂၄) အတွင်း ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃၀,၅၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃၂,၇၀,၀၀၀ နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကျပ် ၃၇,၇၂,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲFAQ/ RC(2024Crop) ကျပ် ၁,၁၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁,၀၅,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၇၇,၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅လုံး (တန်ချိန် ၁၂၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၆၅ လုံး (တန်ချိန် ၁၅၆၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၆၀ လုံး (တန်ချိန် ၁၄၄၀) နှင့် ပဲစင်းငုံ Red/RC (2024 Crop) ကွန်တိန်နာ ၁၀လုံး (တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၉၅၀၀၊ မြားနီ ကျပ် ၈၃၀၀ နှင့် ဆင်ဖြူကျွန်း (ပု) ကျပ် ၁၄၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြားနီ ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ပန်းရဲငရုတ်(သစ်) AC ကျပ် ၅၀၀ ဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၈၀၀၀(၁၆၀၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၆၀၀ ( ၂၄၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၀၅၀၀ (၂၁၀၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၂၀၀ (၁၈၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၂၅၀၀ (၅၀၀၀၀ ပိဿာ) ပိုမိုဝင်ရောက် ခဲ့ပြီး ငရုတ်ပု အိတ်ပေါင်း ၄၀၀(၆၀၀၀ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၁၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၅၀၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၂၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများ ငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၅၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၈၀၀၊ ပခုက္ကူကြမ်း ကျပ် ၅၅၀၀၊ ရေစကြို ထန်းလျက်(ချော)ကျပ် ၅၈၀၀၊ ကြံသကာ ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၅၀၀ နှင့် ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

TIR

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၆-၂-၂၀၂၄ မှ ၁-၃-၂၀၂၄ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူ ကုန်စည်ဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြစ်သားမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၃၀၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၉၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၇၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၈၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၃၆၀၀၊ မြစ်သားလတ်ကြီး ကျပ် ၃၆၀၀၊ မြစ်သားလတ်သန့် ကျပ် ၃၂၀၀ နှင့် မြစ်သား လတ်ချော ကျပ် ၂၄၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၂၀၀၊ မြစ်သားလတ်ကြီး ကျပ် ၂၀၀၊ မြစ်သားလတ်သန့် ကျပ် ၃၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၃၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၂၉ စီး(၇,၇၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ် တွင် ကားစီးရေ ၁၈၁ စီး (၁၀,၈၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၅၂ စီး (၃,၁၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၉၈၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၆၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၇,၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၇၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၇,၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၅၂၀၀ (၁,၅၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၃၄၀၀ (၁၀,၂၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၁၈၀၀ (၅၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပို့ကုန်ပဲများ ဈေးကျဆင်းမှုနှင့်အတူ ပြည်တွင်းသုံးပဲများလည်း လိုက်ပါဈေးကျဆင်းနေ

ပို့ကုန်ပဲများ ဈေးကျဆင်းမှုနှင့်အတူ ပြည်တွင်းသုံးကုလားပဲနှင့်ပဲမာလိုင်းများလည်း လိုက်ပါဈေးကျဆင်းနေကြောင်း ပဲကုန်သည်များထံက သိရသည်။

ပို့ကုန်မူဝါဒ အပြောင်းအလဲများကြောင့် ပဲနှမ်းဈေးကွက် လှုပ်လှုပ်ရှားရှားဖြစ်ခဲ့သလို ပဲစင်းငုံမှာ တစ်အိတ်လျှင် ငွေကျပ် ၈၀,၀၀၀ ကျော် ဈေးကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီလဆန်းပိုင်းက စံချိန်တင်ပေါက်ဈေးများဖြင့် အရောင်းအဝယ်ကောင်းခဲ့သည့် မတ်ပဲနှင့်ပဲစင်းငုံမှာ လကုန်ပိုင်းသီးတင်းပတ်တွင် နေ့စဉ်ဆက် တိုက် ဈေးကျဆင်းလာကြောင်း ပို့ကုန်သမားများ စောင့်ကြည့်ဝယ်ယူနေရသည့် အခြေအနေဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ ပဲမူဝါဒသတင်းများကလည်း ပြည်တွင်းပဲဈေးကွက်ကို ရိုက်ခတ်မှုများရှိနေကြောင်း လက်ရှိအချိန်တွင် ပို့ကုန်ပဲများနှင့်အတူ ပြည်တွင်းသုံး ပဲဈေးကွက်တစ်ခုလုံးအသီးသီး ဈေးကျဆင်းကာ အရောင်းအဝယ်အေးနေကြောင်း ရွှေစင်သိန်းပွဲရုံ ပိုင်ရှင်ဦးကျော်သွင်က ပြောသည်။

"ပို့ကုန်ပဲတွေကတော့ ဈေးကျဆင်းမှု ကြမ်းနေပါတယ်။ ပို့ကုန်ထိပ်တန်းပဲတွေ ဈေးကျတော့ ပြည်တွင်းသုံးကုလားပဲတွေရော ပဲမာလိုင်းတွေရော ဈေးကျဆင်းအဝယ်အေးနေတာပါ။ ၁၀ ရက်အတွင်းကို ပဲစင်းငုံတစ်အိတ် ငွေကျပ် ၈၀,၀၀၀-၉၀,၀၀၀ နီးပါး ဈေးကျဆင်းသွားတာပါ။ ပို့ကုန်မူဝါဒ သတင်းအမှားတွေကြောင့် ပဲဈေးကွက်မှာ လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ ရပါတယ်။ ပဲမာလိုင်းတွေကလည်း အမြင့်ဈေးတန်းတွေကနေ ဈေးကျဆင်းနေတာပါ။ ပဲဈေးတွေ ကျဆင်းတော့ အရောင်းအဝယ် အကုန်အေးကုန်တယ်။ တရုတ်လိုင်းအဝယ်ကလည်း လမ်းကြောင်းမကောင်းသေးတော့ အဝယ်မကောင်းသေးဘူး။ အသစ်ဝင် ပဲ၊ နှမ်းတွေ အဝင်ကောင်းလာချိန် ဈေးကျဆင်းမှုတွေရှိနေချိန်မှာတောင် လှောင်လက်သမားတွေ ဆင်းမဝယ်ရဲကြဘူးဟု ၎င်းက ပြောသည်။

ဖေဖော်ဝါရီ ၂၉ ရက်တွင် ပို့ကုန်ပဲအားလုံး ဈေးကျဆင်းလျက်ရှိရာ မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂,၇၀,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၃,၅၀,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်း အညာတစ်အိတ်လျှင် ငွေကျပ် ၁,၈၅,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ်ဈေးကျဆင်းနေပြီး ဖေဖော်ဝါရီ ၂၉ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂,၄၀,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂,၄၃,၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၃၀,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂,၃၀,၀၀၀ ထိ ဈေးကျဆင်းသွားသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ အသစ်ဝင်ရောက်မှုများလာတာကြောင့်လည်း ဈေးကျဆင်းနေရာ ပဲမျိုးစုံ တစ်အိတ် ငွေကျပ် ၃၀,၀၀၀-၄၀,၀၀၀ ခန့် ဈေးကျဆင်းသွားခြင်းဖြစ်သည်။ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃,၀၀,၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၄,၁၀,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃,၅၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃,၁၀,၀၀၀၊ ကနေဒါ စားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၂,၄၁,၀၀၀၊ မြေပဲအနီလုံးဆန် (မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၈၂၀၀-၈၄၀၀ ဈေးကျဆင်းသွားသည်။

ဖေဖော်ဝါရီ ၂၉ ရက်တွင် နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ် အိတ်လျှင် ငွေကျပ် ၄,၁၀,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃,၁၅,၀၀၀၊ နှမ်းဝါတစ်အိတ်လျှင် ငွေကျပ် ၃,၂၀,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၃,၇၀,၀၀၀ အသီးသီး ဈေးကျဆင်းသွားကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## အိန္ဒိယအစိုးရမှ ပဲစင်းငုံအား ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူနေသော်လည်း အိန္ဒိယတောင်သူများမရောင်းချ



ပဲစင်းငုံအရန်သိုလှောင်မှုများ ပြန်လည်ဖြည့်တင်းရန်အတွက် အိန္ဒိယဗဟို အစိုးရက ဈေးကွက်ပေါက်ဈေးဖြင့် ဝယ်ယူရေးကြိုးပမ်းဆောင်ရွက်ချက်ကြောင့် ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း မျှော်မှန်းထားသကဲ့သို့ တောင်သူများက ရောင်းချမှုမရှိကြောင်း အိန္ဒိယကုန်သည်များက ပြောသည်။

အခြေခံတောင်သူလယ်သမားများက ပဲစင်းငုံအား ပုဂ္ဂလိကကုန်သည်များသို့ ရောင်းချနေသည်ကို တွေ့ရှိရသော်လည်း တောင်သူကြီးများက ရာသီသစ် သီးနှံအထွက်နှုန်းကျဆင်းမှုကြောင့် ပဲစင်းငုံဈေးနှုန်း ဆက်လက်ခိုင်မာဈေးကောင်းရရှိမည်ဟု မျှော်လင့်သောကြောင့် ရောင်းချခြင်းမပြုဘဲ ကိုင်ထားကြကြောင်း ကုန်သည်များက ပြောကြားထားသည်။

ပဲစင်းငုံဝယ်ယူရန် ဗဟိုအစိုးရ၏ အေဂျင်စီတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံအမျိုးသားစိုက်ပျိုးရေးသမဝါယမဈေးကွက်ရှာဖွေရေးအဖွဲ့ချုပ်(Nafed)သည် မဟာရက်ရှ်ထရာနှင့်ကာနာတာကာပြည်နယ်တို့တွင် ဝယ်ယူရေးစင်တာများဖွင့်လှစ်၍ ပုဂ္ဂလိကကုန်သည်များနှင့် ယှဉ်ပြိုင်ဝယ်ယူရန် ဈေးကွက်အတွင်းသို့ ပထမဆုံးအကြိမ်ဝင်ရောက်လာကြောင်း၊ သို့ရာတွင် ကုန်သွယ်မှုသတင်းရင်းမြစ်များအရ Nafed သည် ယခင်အပတ်အထိ ပဲစင်းငုံ မက်ထရစ်တန် ၂၀၀၀ ခန့်သာ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသည်။

ပဲစင်းငုံအား အစိုးရသို့ရောင်းချရာတွင် အစိုးရကကျင့်သုံးသည့် ဈေးနှုန်းဖော်မြူလာမှာ ယခင်သုံးရက်၏ ပျမ်းမျှဈေးနှုန်းကို အသုံးပြုထားခြင်းနှင့် တင်းကျပ်သော အရည်အသွေးစံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများသည် တောင်သူများ၏ အစိုးရထံသို့ ပဲစင်းငုံရောင်းချရန် စိတ်ဝင်စားမှုနည်းပါးသည့် အကြောင်းအရင်းတစ်ရပ်ဖြစ်ကြောင်း၊ အစိုးရ၏ ဈေးနှုန်းသတ်မှတ်ချက်မှာ ဈေးကွက်ပေါက်ဈေးထက် ၃ ရူပီးမှ ၄ ရူပီးအထိ လျော့နည်းသောကြောင့် တောင်သူများက အစိုးရအေဂျင်စီထက် ပုဂ္ဂလိကကုန်သည်များကိုသာ ပဲစင်းငုံရောင်းချရန်ရွေးချယ်ကြကြောင်း မဟာရက်ရှ်ထရာပြည်နယ်ရှိ ပဲကြိတ်ခွဲစက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားထားသည်။

လက်ရှိတွင် ပဲစင်းငုံဈေးနှုန်းများသည် လက်ကားဈေးကွက်တွင် ၁ ကီလိုလျှင် ၁၀၀ ရူပီးခန့်ရှိပြီး အစိုးရ၏ အနိမ့်ဆုံးပံ့ပိုးဈေးနှုန်း ၁ ကီလိုလျှင် ၇၀ ရူပီးထက် ၄၀ ရာခိုင်နှုန်းခန့်ပိုမိုကြောင်း၊ ပဲစင်းငုံကြိတ်ခွဲစက်များတွင် ကြိတ်ခွဲပြီးဖြစ်သည့်ပဲစင်းငုံ(ခွဲခြမ်း) ဈေးနှုန်းမှာ စက်ရုံပေါက်ဈေးအနေဖြင့် ၁ ကီလိုဂရမ်လျှင် ရူပီး ၁၄၀-၁၄၅ ဝန်းကျင်ရှိပြီး လက်လီဈေးကွက်တွင် ၁ ကီလိုဂရမ်လျှင် ၁၈၀ ရူပီးနှင့်အထက်ရှိကြောင်းသိရသည်။

အစိုးရသည် ပဲစင်းငုံဝယ်ယူရေးအတွက် ရုန်းကန်နေရသော်လည်း ဈေးကွက်တွင် ၎င်းတို့ဝင်ရောက်လာမှုကြောင့် ပဲစင်းငုံဈေးနှုန်းသည် ပြီးခဲ့သည့် နှစ်လအတွင်း ၁၅ ရာခိုင်နှုန်းခန့်တိုးလာကြောင်းနှင့် ယင်းကြောင့် ဈေးကွက်အတွင်း ပဲစင်းငုံဈေးနှုန်းမှာလည်း ကျဆင်းရန်အလားအလာ မမြင်သေးကြောင်း အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ပဲကြိတ်ခွဲစက်လုပ်ငန်းရှင်များအသင်း၏ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်၊ ဝယ်လိုအားအခြေအနေများနှင့်ပဲစင်းငုံဈေးကွက်အခြေအနေအား မြန်မာစီးပွားရေးသံမှုး (နယူးဒေလီမြို့) ဦးမျိုးမြင့်မောင်၏ ပေးပို့တင်ပြထားချက်များအရ သိရသည်။

**Source: မကွေးဂျာနယ်**

## STOCK EXCHANGE (4.3.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Mar. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,400 (Shares) | 19,207,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,200 | 1,235 | 10,235,200 | 33,109,694 | 274,811 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,850 | 2,900 | 2,850 | 2,895 | 8,386,500 | 38,929,150 | 112,895 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,800 | 7,800 | 7,700 | 10 | 77,900 | 10,400,986 | 80,088 |
| FPB | 00004 | 1,550 | +50 | +3.33% | 1,500 | 1,550 | 1,500 | 12 | 18,100 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 36 | 90,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 184 | 322,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 9 | 43,200 | 10,497,598 | 50,389 |
| MAEX | 00008 | 1,800 | +50 | +2.86% | 1,800 | 1,800 | 1,800 | 19 | 34,200 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 4th Mar. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.35 | +0.39 | +0.11% | 356.08 | 357.90 | 355.59 | 4,400 | 19,207,100 | 8 | 674,030 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 4th Mar. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,174 (Shares) | 15,647,850 (MMK) |

| MYANPIX | 355.59 ▼ 1.37 |
|---|---|
| Total Volume (shares) | 3,174 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 670,719 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 50 |

TIR